
လိုင်စာပေ
မြပုလဲခင်
ဇာတ်သင့်အပြုံး
လုံးချင်းဝတ္ထုသစ်
Myat Thu Ya

# အပိုင်း (၁)

**ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတဲ့ ... စကားတောင် မိန်းမသားတွေအတွက် ရှိရင်.. ယောက်ျားတွေဟာ မိန်းမတွေရဲ့ အရွေးချယ်ခံအဖြစ်ထက် မိန်းမတွေဟာ ယောက်ျားတွေရဲ့ အရွေးချယ်ခံဘဲ ဖြစ်သင့်တယ်။**

**ထွန်းတောက်**

သူ နောက်ဆုံး ဆန်ခါတင်ရွေးချယ်ထားသော မိန်းမသည် သူ့နံဘေးဝယ် ကျော့ကျော့မော့မော့နှင့် ဝံ့ထည်စွာ လိုက်ပါ လာလေသည် ။

ပညာတတ်သည် ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသည် ။

ထို့ထက် ပို၍ ပြည့်စုံသောအင်္ဂါရပ်က ဣတ္ထိရူပံ ခေါ်ဟူသော စကားနှင့်အညီ လှပတင့်တယ်သော ရုပ်အဆင်းရှိခြင်းဖြစ်သည် ။

တိတိကျကျဆိုရလျှင်...

မြင်သူတို့ သမင်လည်ပြန် ငေးလောက်အောင် ရုပ်ချောမောခြင်း၊ ကိုယ်လုံးကိုယ်ထည် လှပပြီး အရပ်အမောင်း မြင့်မြင့်နှင့် စွဲမက်ဖွယ်ကောင်းခြင်း စသည့် ဣတ္ထိယ ခေါ် မိန်းမတို့ ၌ ရှိသင့်သော အဆင်းအင်္ဂါ ပြည့်

စုံစွာရှိနေခြင်း ဖြစ်သည် ။

ထွန်းတောက် လိုချင်သောအင်္ဂါတို့ နှင့် ပြည့်စုံညီညွတ်သော မိန်းမ တစ်ယောက်သည် သူ၏ အတွဲအဖြစ် တည်ရှိနေလေပြီ။

ထိုမိန်းမကို သူ နှစ်သက်သဘောကျသည် ။

သို့သော်...

Hand Phone မှ ခေါ်သံ ထွက်ပေါ်လာသည် ။

သူ့ဖုန်းလား၊ သူ့နံဘေးမှ ဂျွတ္တိယဖုန်းလား သူ ရုတ်တရက် မသဲကွဲ သေး။

"ယူ့ ဖုန်း ထွန်း"

ကားမောင်းရင်း ဖုန်းနားမထောင်ရဟု မိခင်၏ အမိန့်ကို သတိရလို က်သဖြင့်

'ယူပဲ နားထောင်လိုက်ကွာ'

'အိုကေ'

ဂျွတ္တိယမလေးက သူ့ Hand Phone ကို ဒတ်ချ်ဘုန်ပေါ်မှ ယူလိုက်သ ည် ။ ဖုန်းနံပါတ်ကို ကြည့်ပြီး

'ယူ့အိမ်ကပဲ'

ဟု ပြောလိုက်ပြီးမှ

'အမိန့်ရှိပါရှင်'

'xxxxxxxxxx'

'ရှိပါတယ် အန်တီ ဒါပေမဲ့ ကားမောင်းနေပါတယ်'

‘××××××××××’

‘ကျွန်မ ဒေါက်တာရွှန်းမြသွေးပါ’

‘×××××××’

သူ၏ ကုတ္တိုယမလေး ရွှန်းမြသွေး မျက်နှာ အရောင် ပြောင်းသွားလေပြီ။ သူ သိ လိုက်လေပြီ။ သူ၏ မာတာမိခင်က တစ်ခုခုတော့ ထိုးနှက် လိုက်လေပြီ။

‘ဟုတ်ကဲ့ ကျွန်မတို့ က စိတ်တူသဘောတူနဲ့ ဘဝခရီးလမ်းကို အတူတကွ လက်တွဲဖို့ ဆုံးဖြတ်ပြီးမှ တွဲကြတာပါ’

‘ဟ ဘာတွေလဲ’

ရွှန်းမြသွေးက ဖုန်းကို လက်နဲ့ အုပ်လိုက်ပြီး သူ့အား

‘ယူ အသာနေပါ’

နောက် တစ်ဆက်တည်း

‘ဒါကတော့ အန်တီ့အပေါ် မူတည်ပါတယ်လေ အန်တီက အန်တီ့သားကို သံကွန်ခြာ ခုနစ်ထပ်နဲ့ အုပ်ပြီးထားနိုင်ရင် ထားပေါ့ အန်တီ’

‘××××××××××’

‘ဒါကတော့ ပွဲတင်သံလိုပဲပေါ့ အန်တီရယ် ကျွန်မ စိတ်မကောင်းပါဘူး ပြောပြမှာ ပါ ဒါပဲနော်အန်တီ ကျွန်မတို့ နောက်ကိုလည်း တွေ့ကြဦးမှာ ပဲလေ’

‘×××××××××’

‘ဟုတ်ကဲ့ပါ’

ရွှန်းမြသွေးက ဖုန်းစက်ခလုတ်ကိုပိတ်လိုက်ပြီး Hand Phone ကို ဒ တ်ချ်ဘုတ်ပေါ် တင် လိုက်လေသည် ။

သူက ကားရှိန်ကို လျှော့ပြီး

'ဆိုစမ်းပါဦး မာမီနဲ့ ဘာအခင်း ဖြစ်သွားသလဲဆိုတာ'

ရွှန်းမြသွေးက အနီရင့်ရင့် အရောင်ပြောင်းသွားသောသူ၏ မျက်နှာကို လှမ်းလိုက်ပြီး

"ဂျိုးနဲ့ မင်းနဲ့ ဘယ်လိုပတ်သက်သလဲက စပြီး ဂျိုး အပျော်တွဲဆိုရင် လက်ခံနိုင်တယ် သမီးချင်းစာနာပြီး သတိပေးတာတဲ့ ဂျိုးဟာ သူပေးစားတဲ့ မိန်းမကလွဲရင် ဘယ်မိန်းမကိုမှ ယူမှာ မဟုတ်ဘူး တဲ့ ဟုတ်သလား ထွန်း'

ထွန်းတောက် ဂျောက်ကျသွားလေပြီ။

အစကတော့ ဟုတ်သည် ။ ရွှန်းမြသွေးကို တွေ့ပြီး နောက်ပိုင်းတွင်တော့ ရွှန်းမြသွေးကို သူ၏ ဘဝခရီးဖော်အနေနှင့် လက်တွဲရန် ဆုံးဖြတ်ပြီးဖြစ်နေသည် ။

'ကြံကြံဖန်ဖန် ယူ့ကို မာမီနဲ့ တွေ့ပေးဖို့ တောင် ကိုယ်ရည်ရွယ်ပြီးသား ဒယ်ဒီ နိုင်ငံခြားက ပြန်မလာသေးလို့ ပါကွာ'

'မပြီးသေးဘူး ထွန်း ယူ့ကို လက်ထပ်ပေးဖို့ ရည်ရွယ်ထားတာရှိတဲ့ ယူ့ကိုလည်း ဖွင့်ပြောပြီးသား ဆို'

'အင်း ဟုတ်တယ်'

'ဟင် ဒါဆို ယူက ကျွန်မကို ဘာဖြစ်လို့ မပြောရတာလဲ'

'အဲဒါတွေ မလိုအပ်ဘူး ထင်လို့ လေ'

ရွှန်းမြသွေး မျက်နှာပြင် အရောင် ပြန်တက် လာလေသည်။

'ဘာမလိုအပ်တာလဲ'

'မင်းနဲ့ ကိုယ်နဲ့ မှ လက်ထပ်ဖို့ ရည်ရွယ်ပြီး မစီစဉ်ရသေးဘူးလေ မာမီလည်း သူ့စိတ်တိုင်းကျ ချွေးမရွေးပွဲအတွက် စိတ်ကူးယဉ်နေလို့ ရသလို ကိုယ်လည်း ပဲ ကိုယ့်စိတ်တိုင်းကျ နေချင်သလို နေလို့ ရနေတာပဲ ရွှန်းမြသွေး မင်း ဒီအတွက် ဘာမှ စိတ်အနှောင့်အယှက် ဖြစ်စရာမလိုဘူး ထင်တယ်'

'ဩော် ယူက ဒီလိုလား ယူက ကျွန်မကို ဘဝတစ်ခုလုံးအတွက် ရည်ရွယ်ပြီး ပရိုပို့စ်လုပ်တာ မဟုတ်ခဲ့ဘူးပေါ့'

ထွန်းတောက်က ဟက်ခနဲ တစ်ချက် ရယ်သွေးသွမ်းလိုက်သည်။

'အားတော့ နာတယ် ကိုယ် လေ့လာနေတုန်းပဲ'

'ဘာ'

'ဒေါကန်သွားပြီလား ဆရာဝန်မကြီးရယ် ကိုယ်က ကျီစားတာပါ။ အမှန်တကယ်တမ်း ဝန်ခံရရင် ကိုယ် ရည်းစားအများကြီး ထားခဲ့တဲ့ အထဲက ယူဟာ နောက်ဆုံးဆန်ခါတင် ကျန်ခဲ့တဲ့ ချစ်သူပဲ'

'ဩော် ကျွန်မဟာ ယူ့ရဲ့ အရွေးချယ်ခံထဲက တစ်ယောက်ဖြစ်ခဲ့တာကိုး'

ရွှန်းမြသွေးသည် ဒေါသကို ထိန်းလိုက်ပုံရသည်။

ပညာတတ် မိန်းမများကို ချစ်ရသည် မှာ တစ်မျိုးတော့ကောင်းသည် ဟု ထွန်းတာက် ထင်မြင် လာလေပြီ။

'ပညာရှိအမျက် အပြင်သို့မထွက်'စကားကို ရွှန်းမြသွေး လက်ကိုင်ပြု

ထားပုံ ရလေသည် ။

'ကိုယ်ကော ယူရဲ့ အရွေးချယ်ခံထဲကတစ်ယောက် ဖြစ်ခဲ့တယ် မှတ်လား'

'ဝါသနာ မပါဘူး။ ရည်းစားထားဖို့ အချိန်မပေးနိုင်ခဲ့ဘူး ယူ့ကိုတွေ့မှ ဘဝကြင်ဖော်အဖြစ် လက်တွဲနိုင်လိမ့်မယ်လို့ ယုံကြည်ပြီး ယူ့အချစ်ကို လက်ခံခဲ့တာ'

'ဒါဆို ကိုယ်က ဖိုးကံကောင်းပေါ့'

'ယူက ထောင်တန်စကား ရယ်ပေါ့အောင် လုပ်နေတာလား'

'ထားပါတော့ မာမီက ကိုယ့်ကို ဘာမှာ သလဲ'

'မှာ တယ် အိမ်ကို ညနေ ၅ နာရီအရောက် ပြန်ခဲ့ဖို့ မှာ ထားတာ ယူ မေ့မှာ စိုးလို့ တဲ့ ဘာများ အရေးတကြီးရှိသလဲ မသိဘူး'

ရွှန်းမြသွေး သူ့အား အကဲစမ်းလိုက်မှန်း သူ သိလေသည် ။

သူ့မိခင်မှာ မည့်စကားထဲတွင်

'သူနဲ့ သဘောတူတဲ့ မိန်းကလေးအိမ်သွားကြည့်ဖို့ ချိန်းထားတာ သူ မေ့နေပြီလားလို့ သတိပေးမလို့ ဆက်တာ'ဟု မလွဲမသွေ ပြောလိမ့်မည်။

'အရေးကြီးတာပေါ့.. မာမီက သူသဘောတူထားတဲ့ မိန်းမကို သွားကြည့်ဖို့ ရာဇသံပေးထားတယ်

'ဟုတ်လား သိပ်လှတာပဲလား'

ထွန်းတောက်က ပြုံးကာ

'ကိုယ် မမြင်ဖူးသေးဘူး'

‘မြင်ဖူးလို့ သိပ်လှနေတယ် ဆိုရင်ကော’

‘လှတာ မလှတာက အရေးမကြီးပါဘူး’

‘ဒါဖြင့် ဘာက အရေးကြီးသလဲ’

‘ကိုယ့်နှလုံးသားကို မင်းထက်ပိုပြီး ပိုင်စိုးနိုင်စွမ်း ရှိမရှိဆိုတာကပဲ အရေးကြီးပါတယ်’

ရွှန်းမြသွေးက သူ့အားငဲ့စောင်းကာ စူးစူးစိုက်စိုက် ကြည့်လိုက်ပေလိမ့်မည်ဟု သူလှည့်မကြည့်ဘဲ အလိုလို သိနေလေသည်။

ရွှန်းမြသွေး၏ အလှနှင့် ရဲရင့်ပြတ်သားမှုကို သူသဘောကျလေသည်။

တွေ့ခဲ့သမျှ မိန်းမများ ထဲတွင် တော့ ရွှန်းမြသွေးကို သူ သဘောအကျဆုံးဖြစ်သည်။

လောလောဆယ်တော့ အိမ်ထောင်ပြုဖို့ အရွယ်ရောက်ပြီဟု မိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့ သတိပေးသောအခါ သူ့အိမ်ထောင်ဘက်အနေနှင့် ရွှန်းမြသွေးကို သင့်တော်၏ မတော်၏ ကို သူ ဦးစွာ စဉ်းစားမိလေသည်။

သို့သော် တွဲသည် မှာ (၃)လသာသာ ရှိသေးသည်။ ရွှန်းမြသွေး၏ အိမ်ထောင်မှုအနေအထားကို မလေ့လာရသေး။

ကိုယ်ပိုင်ကားနှင့် ဆေးခန်းလာသည်။ သူ၏ အထူးကုဆေးခန်း၌ အထွေထွေကု ဆရာဝန်တစ်ယောက်အနေနှင့် လခစား ထိုင်ပေးသည်။

ပါရဂူသမားတော်ကြီးအချို့၏ အစုရှယ်ယာများ ပါဝင်ပြီး ဖွဲ့စည်းတည်ထောင်ထားသော ‘ထွန်း’အထူးကုဆေးခန်းတွင် သူသည် မန်နေဂျင်း

ဒါရိုက်တာ ဖြစ်သည် ။

သူ့ဖခင်ကိုယ်တိုင်လည်း အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုသမားတော် ဖြစ်သည် ။

ရွှန်းမြသွေးသည် နှလုံးအထူးကု ပါရဂူဘွဲ့ယူရန် စာတမ်းပြုစုနေသော ဆရာဝန်တစ်ဦးလည်း ဖြစ်သည် ။

'ယူ့ကို ကိုယ်ပြန်ပို့ပေးနိုင်မယ် မထင်ဘူး မာမီရဲ့ ကိစ္စ ပြတ်မပြတ်ပေါ်မှာ မူတည်လိမ့်မယ်'

'ရပါတယ် ကျွန်မအိမ်ကို ဖုန်းလှမ်းဆက်လိုက်တာပေါ့။ ကားလာကြိုပါလိမ့်မယ်'

'အိုကေ ဒါဖြင့် ကိုယ် ညကျမှ ဖုန်းဆက်မယ်'

'ကိစ္စမရှိပါဘူး ယူ မဆက်နဲ့ ကျွန်မက စာဖတ်နေချိန်ဆိုရင် ဖုန်းပိတ်ထားမှာ ကျွန်မ စာဖတ်ပြီးမှ ပဲ ဆက်မယ် ယူသာ ဖုန်းဖွင့်ထားလိုက်ပါ'

'ကောင်းပြီ'

'ထွန်း' အထူးကုဆေးခန်းရှေ့၌ သူ့ကားရပ်လိုက်သည် နှင့် တစ်ပြိုင်နက် ဧည့်ကြိုဝန်ထမ်းက ကားတံခါး လာဖွင့်ပေးသည် ။

ဒေါက်တာရွှန်းမြသွေးက ခပ်ကျော့ကျော့ကလေး ဆင်းသွားသည် ။ သူ့အား လုံးဝလှည့်မကြည့်ချေ။ သူကလည်း သူမ ဆင်းသွားသည် နှင့် ကားကို မောင်းထွက်ခဲ့လေသည် ။

ရွှန်းမြသွေး၏ ဂျူတီချိန်မှာ ညနေ ၅နာရီမှ ၈နာရီအထိ ဖြစ်သည် ။ သူမ၏ ဆရာသမားကို ကူညီ၍ အလုပ်လုပ်ရဦးမည်။

သူကတော့ အချိန်ရလျှင် ရသကဲ့သို့ 'ထွန်း'အထူးကုဆေးခန်း၌ လ

ည်း တာဝန်ယူရသည် ။ သူ့၌ ဒီလုပ်ငန်းတစ်ခုတည်း မဟုတ်။ သူ့ဝါသနာအရ ဖွင့်ထားသော 'ထွန်း'ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ရှိလေသည် ။ ထိုလုပ်ငန်းကို မိခင်က အကူအညီပေးသည် ။ ဖခင်ကတော့ 'ထွန်း' အထူးကုဆေးခန်းတွင် အားဖြည့်ကူညီကာ အကြံပေးလေသည် ။ လုပ်အားတော့ မဖြည့်နိုင်။ အဘယ်ကြောင့် ဆိုသော် ဖခင်သည် အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ အထူးကုသမားတော်ဖြစ်ပြီး သူ့ဘဝ၏ အချိန်အတော်များများကို သူ၏ လူနာများကြားတွင် သာ မြှုပ်နှံထားလေသည် ။

ထွန်းတောက် သက်ပြင်းချလိုက်သည် ။

အသက် (၃၀)ဟူသောအရွယ်သည် အိမ်ထောင်ပြုရန်ပင် လွန်နေပြီလားဟု သူတွေးလိုက်မိသည် ။

မိခင်သည် ရွှန်းမြသွေးကို မတွေ့ဖူး၍ သာ လက်မခံနိုင်ခြင်း ဖြစ်ပေမည်။

တွေ့လျှင်တော့...

သူကိုယ်တိုင်ကကော ရွှန်းမြသွေးကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ဖို့ ဆုံးဖြတ်ချက် ချပြီးပြီလား။

မချရသေး။

ပညာသိပ်တတ်ကာ ပညာနှင့်သာ အသက်မွေးနေသော မိန်းမတစ်ယောက်သည် အိမ်ထောင်ကျပြီးလျှင် ခင်ပွန်းနှင့်သားသမီးများ အပေါ် အချိန်ပေးနိုင်ပါ့မလား။

ဒါလည်း အရေးကြီးသည် ။

ရွှန်းမြသွေးနှင့် ဆွေးနွေးကြည့်ဦးမှ ဟု သူ တွေးလိုက်မိလေသည် ။

ရွှန်းမြသွေးထံမှ သူစိတ်တိုင်းကျသော အဖြေနှင့် အနေအထား ရှိနေပြီဆိုမှ မိခင်နှင့် တွေ့ပေးတော့မည်ဟု သူ စဉ်းစားလိုက်မိသည် နှင့် တစ်ပြိုင်နက် သူ့ရင်ထဲ အတန်ငယ် ပေါ့ပါးသွားလေသည် ။

******

ရွှန်းမြသွေး ညစာစားပြီး စာကြည့်ခန်းဝင်လိုက်သည် ။ စာဖတ်ရသ ည် မှာ စိတ်မဝင်စားသလို ဖြစ်နေသည် ။

မခံချင်စိတ်လား။

နမြော စိတ်လား။

ချစ်စိတ်လား။

တစ်ခုခုတော့ တစ်ခုခုပင်။ ထွန်းတောက်လို ရုပ်ချောဥစ္စာပေါ (High Boss) တစ်ယောက်ကို လက်လွှတ်ဆုံးရှုံးရမှာ ကို နမြောခြင်းလား။

ထိုထက်ပိုဆိုးသည် က သူကဲ့သို့သော မိန်းမမျိုးနှင့် ယှဉ်ပြိုင်စေ သော မိန်းမ ရှိနေခြင်းကို မကျေနပ်တာလား မခံချင်တာလား။

ဒေါသစိတ်တို့ ကတော့ ဖြစ်နေသည် ။ သို့သော် ထိုဒေါသစိတ်ကို ပေါက်ကွဲမှုမဖြစ်စေရန် ထိန်းချုပ်ထားရသည် မှာ စိတ်ပင်ပန်းသလိုလို ဖြစ်မိလေသည် ။

'ထွန်းတောက်'ကို ရယူနိုင်ရမည်။

ပိုင်ဆိုင်နိုင်ရမည်။

ထွန်းတောက်သည် အိမ်တွင်းပုန်းမိန်းမတစ်ဦးကို ဇနီးမယား တော်

ချင်လောက်အောင်တော့ ခေတ်နောက်ပြန်ပြေးမည့်သူ မဟုတ်ချေ။

သူနှင့် ရင်ဘောင်တန်းကာ လိုက်နိုင်မည့် ပွဲတက်မယား။ လူရာဝင်ဆန့်သော မိန်းမတစ်ယောက်ကိုသာ ဂုဏ်တင့်စေနိုင်ရန် ရယူမည့်စိတ်ဓာတ်မျိုး ရှိသည့် ထွန်းတောက် ဖြစ်သည် ။

ယောက်ျားတွေ၏ စိတ်က သိရခက်အောင် နက်နဲသလား။

အသက် (၃၀) ရောက်လာမှ လက်ထပ်သင့်ပြီဟု ယူဆပြီး ရည်းစားထားကာ တွဲလိုက်သည် ။ ဆိုပါတော့ ချစ်သူသက်တမ်းက (၃)လ စွန်းရုံသာ ရှိသေးသည် ။ ပြဿနာက စတင်၍ ရောက်ရှိ လာပြီ။

ထိုအခါကျမှ ထွန်းတောက်ဘက်မှ လက်ထပ်ဖို့ မတောင်းဆိုသေးခြင်းကို သတိပြုမိလိုက်သည် ။

'ဩော်.. ငါ့နှယ် ညှို့ဖျင်းလိုက်တာ ယောက်ျားတစ်ယောက်ကို ကိုယ့်အပေါ်တိမ်းညွတ်ကျလာအောင် ကိုယ့်ဘဝထဲ ဝင်လာအောင် ဖန်တီးနိုင်သောစွမ်းအား မရှိသေးပါလား'ဟု စိတ်တွင်း ရေရွတ် လိုက်လေသည် ။

စားပွဲတင်နာရီကို ကြည့်လိုက်သည် ။ ည (၁၁)နာရီပင် ကျော်နေလေပြီ။

ဖုန်းဆက်သင့်သလား။

သူ့ထံမှ ဖုန်းခေါ်ခြင်းကို မစောင့်စားလိုသဖြင့် သူ့အား မိမိကသာ ခေါ်လိုက်သည် ။

ဖုန်းစက်ခလုတ် ပိတ်ထားတာလား၊ ခရီးလွန်နေတာလားမသိ အလိုအလျောက် အဖြေကြားစက်မှ 'လူကြီးမင်း...'နှင့်တိုးနေသည် ။

'တောက်'

မကျေမနပ် တက်ခေါက်လိုက်မိသည် ။ သေချာသည် ဒေါသစိတ်။ ဒေါသစိတ်သည် ချစ်ခြင်းအပေါ် အခြေခံသော မနာလို ဝန်တိုစိတ်ကြောင့် ဖြစ်ပေါ်လာသည့် ဒေါသစိတ်သာ ဖြစ်စေချင်သည် ။

စိတ်သွားတိုင်းသာ ကိုယ်ပါနိုင်လျှင် ချက်ချင်းပင် ထွန်းတောက်အိမ်သို့ သွားတွေ့လိုက်ချင်သည် ။ ဝင်ဒါမီယာ၌ နေသော ထွန်းတောက်ထံသို့ ကမ္ဘာအေး၌ နေသော သူ့အနေနှင့် သွားရတာ လွယ်ကူသော်လည်း တစ်ခါမှ မရောက်ဖူး။

မိန်းမစျေးကျခံပြီး သွား၍ မဖြစ်။

သူငယ်ချင်း ချယ်ရီကို သတိရလိုက်သည် ။

'ချယ်ရီ'သည် ဆေးကျောင်းတက်စဉ်၌ စတွေ့သော သူငယ်ချင်းဖြစ်သည် ။ နယ်မှ ကျောင်းလာတက်သည် ။ သို့သော် ချယ်ရီသည် ကိုယ်ပိုင်ကား ဝယ်စီးစရာမလို။ သူ့နားတွင် ရစ်ဝဲနေသော ပျားပိတုန်းတို့ က သူ့ထက်ငါ ဦးအောင် အခစားရောက်နေကြပြီး ချယ်ရီသွားလေရာသို့ သူတို့၏ စီးတော်ယာဉ်များ နှင့် ပို့ဆောင်ပေးကြသည် ။

ချယ်ရီသည် တကယ့်ကို ပျားဘုရင်မတစ်ပါးလိုပင် သွေးအေးအေးနှင့်ဟန်ဝံ့ကာ နေသွားခဲ့လေသည် ။ နောက်ဆုံး၌ မနှစ်က High Boss တစ်ယောက်နှင့် ခမ်းခမ်းနားနား လက်ထပ်သွားလေသည် ။

'သူငယ်ချင်း အရွယ်လွန် မဖြစ်စေနဲ့ ။ မိန်းမ ဆိုတာ အရွယ်ကျ မြန်တယ်ကွ။ ဒါကြောင့် တို့ အရွယ်မလွန်ခင် တို့ အပေါ် အချစ်နိုင်ဆုံး နားလည်ခွင့်လွှတ်နိုင်စွမ်း အရှိဆုံးလူတွေလည်း ဖြစ်၊ တို့ ကို ရွှေအိမ်နန်းနဲ့ ထားနိုင်တဲ့ လူလည်း ဖြစ်တဲ့ High Boss ကို ရွေးလက်ထပ်ခဲ့တာ။ ကိုယ့်ထက် ၆နှစ်လောက် ကြီးတာ၊ ရုပ်အနည်းငယ်ဆိုးတာ အရေးမကြီးပါဘူး။ မင်းလိုလှတဲ့ မိန်းမတစ်ယောက်အတွက် ခုထိ

နားခိုရာအမှီကောင်း မရသေးတာ အံ့သြစရာပဲ သိပ်မစဉ်းစားနဲ့ တော့’

ချယ်ရီနှင့်တွေ့တုန်းက သူ့အား လက်ချာပေးသွားသည် ကို ပြန်လည် အမှတ်ရမိလေသည် ။

ချယ်ရီသည် ဆေးခန်းမထိုင်။

ဆေးရုံ၌ တော့ လက်ထောက်ဆရာဝန်ဘဝနှင့် တာဝန်ထမ်းဆောင်သည် ။ သူ့အနေနှင့် အလုပ်မလုပ်လည်း ရသည် ။ သို့သော် ဂုဏ်အတွက် အလုပ်လုပ်သည် တဲ့ ။

ခုအချိန်.. ချယ်ရီဆီ ဖုန်းလှမ်းဆက်လိုက်လျှင် အနှောင့်အယှက် ဖြစ်နိုင်သည် ။

ထို့ကြောင့် သူ့အတွေးများ ယောက်ယက်ခတ်ရင်းနှင့် အိပ်ပျော်ရန် ကြိုးစားလိုက်သည် ။

အိပ်၍ မရသောအခါ စိတ်ငြိမ်ဆေးတစ်ပြားကို အကူအညီယူကာ အိပ်ပျော်ရန် ကြိုးပမ်း လိုက်လေသည် ။

မိန်းမသားတစ်ယောက်အတွက် အိမ်ထောင်ရေးသည် ဘဝနှင့်ယှဉ်သော အရေးကြီးသော ကိစ္စတစ်ခုပေလားဟု သူတွေးလိုက်မိသည် ။ အပျိုကြီးတွေရဲ့ ဘဝကကော ငြိမ်းချမ်းမှု မရှိပေဘူးလား။

အို ရှုပ်ပါတယ်။ ချယ်ရီနှင့် အပျိုကြီးဒေါ်နန်းရှီလာကို တွေ့ဆုံပြီး အနည်းငယ်တော့ စနည်းနာကြည့်ဦးမှ ...

ယောကျ်ားတွေအကြောင်း ယောကျ်ားတွေ၏ မနောကို သိထားလျှင် ကိုယ်ဖြစ်ချင်သော ပုံစံအတိုင်း ထွန်းတောက်ကို ကြိုးကိုင်နိုင်ရမည်ဟု ...။

******

ထွန်းတောက် မိခင်ကို ပြန်ပို့ပေးပြီးနောက် ဆေးခန်းသို့ ပြန်ထွက်ခဲ့သည် ။

ရွှန်းမြသွေး ပြန်သွားချိန်ဖြစ်သည် ။ ရုံးကိစ္စများကို လိုအပ်သလို ညွှန်ကြား ဆောင်ရွက်ပေးရန် ဖြစ်သည် ။

တကယ်တမ်း မိခင် အလိုကျ၊ မိခင် နှစ်သက်နေသော မိန်းမကို သူ သွားရောက်အကဲခတ်ခြင်း ဖြစ်သည် ။

'သား ပန်သစ္စာ တဲ့ '

ရွှန်းမြသွေး ကဲ့သို့ပင် အလှရှိသည် ။

ဘယ်နေရာမှ မလျှော့ပါ။

သို့သော် ရွှန်းမြသွေးထက် သာလွန်နေသော အလှတရားက ပြုံးယောင်သမ်းနေသော မျက်နှာကလေး ဖြစ်သည် ။

မြင်လိုက်ရသူ၏ ဘဝင်ကို အေးချမ်း အမောပြေစေနိုင်သော အလှတရား ရှိနေသည် ။ တကူးတက ပြုံးပြစရာမလိုအောင်ပင် အလိုလို ပြုံးယောင်သမ်းနေသော မျက်နှာလေး ရှိနေခြင်းပင်။

အသက်ကလည်း သူ့ထက် (၃)နှစ်ခန့် ငယ်သည် ဟု သိရသော်လည်း ဆယ်ကျော်သက်အရွယ်ပမာ နုပျိုပြီး အပြစ်ကင်းစင်သောမျက်နှာလေး ဖြစ်နေသည် ။

ဖြူစင်သည် ။

အပြစ်ကင်းစင်သည် ။

ရွှန်းမြသွေးကဲ့သို့ မာန်ရှိမနေ။

'သားတို့ ချင်း စကားပြောကြဦးလေ'

ထမင်းစားသောက်ကြအပြီးတွင် မာမီက သူ့အား တိုက်တွန်းလေသည် ။

သူ့ဘက်က ငြင်းဆန်၍ မသင့်တော်...။

ပန်သစ္စာက

'ကိုကို့ကို သမီး ဘာမှ ပြောစရာမရှိပါဘူး အန်တီ'

ဟု ဖြူစင်ရိုးသားစွာ ဟိတ်ဟန်မရှိ ပြောလိုက်ပုံလေးကို သူ နှစ်သက်သွားသည် ။

'သမီးဘက်က ပြောစရာမရှိပေမယ့် သားဘက်က ပြောစရာ ရှိကောင်းရှိနေလိမ့်မယ်။ ကိုင်း မဠူ မင်း ကိုယ့်ကို ပြစရာရှိတယ်ဆိုတဲ့ ပစ္စည်းပြပါဦး'

'ဪ.. ဟုတ်ပါရဲ့ ။ လာ လတ်လတ် ပစ္စည်းတွေက အပေါ်ထပ်မှာကွ စင်သန့်ချည်းပဲ'

ဒေါ်နန်းမဠူ ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည် ။ သို့သော် သူ၏ ရှုမငြီးသော ချစ်သမီးလေးကို စိတ်မချသည့်အလား

'ထွေး မေမေတို့ စိတ်ချမ်းသာချင်တယ်နော် သမီးကိုကို စိတ်မပျက်ပါစေနဲ့ '

'ဟုတ်ကဲ့ပါ မေမေ'

ပန်သစ္စာက ခေါင်းငုံ့ကာ ခပ်တိုးတိုးကလေး ဖြေလိုက်သည် ။

တစ်ဆက်တည်းဆိုသလို ဒေါ်နန်းမဥ္ဇူက ထွန်းတောက်ကို -

'သားညီမက ရိုးလွန်းတယ် ဒါပေမဲ့ အငယ်ဆုံး ဆိုတော့ အားလုံးရဲ့ အချစ်ပုံထား အလိုလိုက်ခံရတော့ နည်းနည်းလည်း နွဲ့ဆိုး ဆိုးချင်တယ်'

ဒီအချက်ကို ထွန်းတောက် သဘောကျသွားသည် ။

သူသည် တစ်ဦးတည်းသောသား ဖြစ်ခြင်းကြောင့် အလိုလိုက်ခြင်း၊ မြှောက်စားခြင်းကိုသာ ခံထားရသူဖြစ်ရာ သူ့အား နွဲ့ဆိုးဆိုး အနိုင်ကျင့်မည့် ညီဆိုး ညီမဆိုးလေးကို အလွန်လိုချင်တဲ့ သူ ဖြစ်သည် ။

'ကိစ္စမရှိပါဘူး အန်တီ ကျွန်တော် နားလည်နိုင်ပါတယ်'

ပန်သစ္စာက ငုံ့ထားသော ခေါင်းကို ဆတ်ခနဲမော့ကာ သူ့အား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည် ။ အကြည့်ချင်း ဆုံသွားကြသည် ။

အမေ ၂ယောက်ကတော့ စိန်အကြောင်းဗန်းပြပြီး သားရေး သမီးရေး ဆွေးနွေးရန် အပေါ်ထပ်သို့ တက်သွားကြလေသည် ။ လူငယ်ချင်း နီးစပ်စေရန်လည်း ပါမည်။ လူငယ်အရွယ်ထက် ကျော်လွန်ပြီး လူလတ်ပိုင်းသို့ပင် ရောက်ရှိ လာပြီဟု ထွန်းတောက် သိနေလေပြီ။

'ပန်သစ္စာ'

'ဟုတ်ကဲ့ ပြောပါ ကိုကို'

'မင်း ကိုယ့်ကို ဘာပြောစရာရှိသလဲ'

'ဘာမှ မရှိပါဘူး'

'မဟုတ်သေးဘူးလေ မင်းမှာ မင်းစိတ်ထဲမှာ သဘောမတွေ့စရာများ ရှိနေမလား'

ပန်သစ္စာက မျက်လွှာချထားရာမှ သူ့အား ဖျတ်ခနဲ ကြည့်လိုက်ပြန်

သည် ။ တဒင်္ဂသာ။

သူ့အတွက် ထူးဆန်းနေသည် ။ သူနှင့်တွဲသော မိန်းမများ သည် မဆွ တ်ခင်က ညွတ်ချင်သော၊ ရဲတင်းသွက်လက်လွန်းသော မိန်းမများ ဖြစ် နေသည် ။

ယခုလို အေးတိအေးစက်နိုင်သော စကားတစ်လုံးထွက်ဖို့ ကို ကြိုးပ မ်းအားထုတ်ရသူ မောလောက်အောင် ခက်ခဲလွန်းသော မိန်းမတစ် ယောက်ကို သူ အံ့ဩကာ စိတ်ဝင်စားမိသည် မှာ မှန်သည် ။ သူ့မိခင်သ ည် ဘာကြောင့်များ သဘောကျသနည်းကိုတော့ သူမစဉ်းစားတတ်အော င် ဖြစ်မိသည် လည်း ပါသည် ။

‘ပြောလေ’

‘ကိုကိုရဲ့ ရုပ်ပိုင်းဆိုင်ရာမှာ ငြင်းစရာမရှိပါဘူး’

သူ သဘောကျသွားလေသည် ။ ပေါ့သေးသေး မိန်းမတော့ မဟုတ် ဟု ထင်သည် ။

‘ဒါဖြင့်’

‘စိတ်ပိုင်းဆိုင်ရာကိုတော့ ကျွန်မ ဘယ်ပြောတတ်ဦးမလဲ ကိုကို ကို ကို့ကို အခုမှ မြင်ဖူးတာပဲ’

‘ဟုတ်သားပဲ မင်းပြောတာ မှန်တယ် ဒီလိုဆို.. မင်းနဲ့ ကိုကို မကြာခ ဏတွေ့မယ် ဒီတော့ မင်းလည်း ကိုကိုရဲ့ စိတ်ပိုင်းဆိုင်ရာကို လေ့လာနိုင် မယ် ကိုကိုလည်း မင်းရဲ့ စိတ်ပိုင်းဆိုင်ရာကို လေ့လာနိုင်မယ် အပြန်အ လှန်ပေါ့ ဟုတ်လား’

‘ကောင်းပါတယ် ကိုကို’

သူသဘောအကျဆုံးက သူ့ထက်ငယ်ပြီး သူ့အား 'ကိုကို'ဟု ခေါ်လိုက်ခြင်းကို ဖြစ်သည်။

နောက်မျက်ဝန်းလေးက သမင်ပျိုလေးလို အပြစ်ကင်းစင်သည်။

'ဒါဆို ကိုယ့်အကြောင်းတွေ မင်းကိုပြောပြဖို့ လိုသလား ပန်သစ္စာ'

'ဟင့်အင်း ဟင့်အင်း မပြောပြပါနဲ့ ကိုကို'

'ဘာဖြစ်လို့ လဲ'

'ကျွန် ကျွန်မ အတိတ်ကို မသိချင်ဘူး အနာဂတ်ကိုလည်း မလိုချင်ဘူး ပစ္စုပ္ပန်သက်သက်ကိုပဲ သိချင်တယ်'

ထွန်းတောက် အံ့အားသင့်သွားသည်။

'ဘာဖြစ်လို့ လဲ'

'အတိတ်ကိုသိရလို့ စိတ်ချမ်းသာစရာ ဆိုရင်တော့ တော်ပါသေးတယ်။ စိတ်ထဲ လက်မခံနိုင်စရာ ဆိုရင်တော့ ဘာတတ်နိုင်မှာ လဲ လူကြီးတွေက ကိုကိုနဲ့ ကျွန်မ ယူမှ စိတ်ချမ်းသာမယ်ဆိုတော့ ကျွန်မအတွက်ကော ကိုကို့အတွက်ကော ဘာမှ မသိတာ မကောင်းဘူးလား'

'မကောင်းဘူး'

'ဟင်'

'ခုရုပ်မှ နောင်ရှင်း ဆိုတဲ့ စကားလည်း ရှိတယ် မှတ်လား တစ်ဦးမကြိုက်တာကို တစ်ဦးက ပြင်ပေးရင် နောင် ဘာပြဿနာမှ ဖြစ်စရာအကြောင်း မရှိတော့ဘူးပေါ့'

'ဒါကတော့ ရုပ်ပိုင်းဆိုင်ရာကိုပဲ ရမယ်ထင်တယ် ကိုကို စိတ်ပိုင်းဆိုင်ရာကိုတော့ ဘာမှ လုပ်လို့ ရမယ် မထင်ဘူး'

ပန်သစ္စာစကားကို သူ လက်ခံမိလေသည် ။

'ဒါဖြင့် ကိုကို မေးမယ်'

'မေးပါ ကိုကို'

'ပန်သစ္စာ ကိုကို့ကိုလက်ထပ်ဖို့ လက်ခံနိုင်လား'

ပန်သစ္စာက ကိုကို ကိုကိုဟု ဆိုသောအခါ သူ့ကိုယ်သူပါ ကိုကိုဟု သုံးမိလျက်သား ဖြစ်သွားလေသည် ။

'ပြောလေ ပန်သစ္စာ'

ပန်သစ္စာ ခေါင်းညိတ် လိုက်လေသည် ။

'ကောင်းပြီလေ ဒါဆို ကိုကိုနဲ့ မင်း သဘောတူညီချက်တစ်ခု လုပ်ထားမယ် မိဘတွေကို မျက်လှည့်ပြထားတဲ့ သဘောပေါ့ မင်းလည်း ကိုကို့ကို အနီးကပ်ထပ်လေ့လာ ကိုကိုလည်း မင်းကို လေ့လာမယ် လက်ထပ်ရက်ကိုတော့ ကိုကိုအကြောင်းတစ်ခုခုပြပြီး ဆွဲထားတာပေါ့ ဟုတ်လား ပန်သစ္စာ'

'ဟုတ်ကဲ့ ကိုကို ကိုကို့သဘောပါ ကျွန်မ ဘာမှ ပြောစရာ မရှိပါဘူး'

ပန်သစ္စာသည် ကြောင်မကလေးတစ်ကောင်လို လက်သည်းဝှက်ထားတတ်သလား အပိုစကား သိပ်မပြောချေ။

'ဩော် ခုမှ မေးရဦးမယ် ဘာမေဂျာနဲ့ ပြီးသလဲ'

'ဖလော်နဲ့ ပါ'

'ဆံပင်အရှည်ထားတာ ဘာဖြစ်လို့ လဲ ကြိုက်လို့ လား'

'မသိပါဘူး ကိုကိုရာ ဘွားဘွားက ဆံပင်ကို တန်ဖိုးထားရမယ်၊ မဖြတ်ရဘူးဆိုလို့ အရှည်ထားရင်းနဲ့ လည်း အရှည်သဘောကျလာတယ် ဖြ

တ်ရမှာ နှမြောလာလို့ ဘွားဘွားမရှိပေမယ့်လည်း မဖြတ်ဖြစ်တော့ဘူး’

ရိုးသားစွာဖြေလိုက်သည့် ပန်သစ္စာကိုကြည့်ရင်း ထွန်းတောက် ရင်ထဲဝယ် တစ်မျိုးခံစားလာရသည်။ အားမလိုအားမရ ဖြစ်တာလား၊ အသည်းယားတာလား မသိနိုင်သော ခံစားမှုတစ်ရပ် တိုးလာသည်။

‘လူကြီးမိဘစကားကို နားထောင်တတ်တဲ့ သမီးအလိမ္မာ မြေးအလိမ္မာလေးပေ့ါ ဟုတ်လား ပန်သစ္စာ’

‘ခုတော့ ဟုတ်တယ် အရင်ကတော့...’

‘ဟဲ့ တိုးပွား သြော် ဒီကြောင်နှယ်’

အိမ်ထောင်ထိန်းကြီးဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ယောက်သည် ကြောင်ကို မောင်းထုတ်ရင်း ဧည့်ခန်းမှ ဖြတ်သန်းသွားလေသည်။

‘ဘာဖြစ်လို့ လဲ ဒေါ်ဒေါ်သန်းရဲ့ ’

‘ငါးကြော် ချီသွားလို့ လေ’

‘ချီပါစေလေ သူဆာလို့ နေမှာ ပေ့ါ’

‘ချီပြီးသား ပြန်ယူဖို့ မဟုတ်ဘူး လေ ထွေး၊ ခိုးမစားရဘူးဆိုတာ သိဖို့ ပြစ်ဒဏ်တော့ ပေးရမှာ ပေ့ါ’

‘သူဆာလို့ နေမှာ ပေ့ါ ဒေါ်ဒေါ်သန်းတို့ က မကျွေးထားဘူးလား’

‘လူတွေအားလုံးတောင် မစားရသေးဘဲနဲ့ ’

‘သူလည်း သွေးနဲ့ ကိုယ် သားနဲ့ ကိုယ် နောက်ပြီး ကလေးတွေ နို့တိုက်နေရတော့ ဆာမှာ ပေ့ါ ဒေါ်ဒေါ်ရယ်.. ကျွေးလိုက်ပါ ခဏနော်ကိုကို ကျွန်မခေါ်မှ တိုးပွားက ပြန်လာရဲမှာ သူက သားပေါက်ထားတာ ၃

ကောင်တောင်’

ပန်သစ္စာက သူ၏ အိမ်တော်ထိန်းကို ပြောရာမှ သူ့အား လှမ်းခွင့်တောင်းလိုက်သည် ။

ဟန်ဆောင်မှု မရှိ။ လူမှုရေးဂုဏ်သိက္ခာရယ်ဟု လည်း ဂရုမစိုက်။ သူစိတ်ဝင်စားရာကိုသာ လုပ်ချင်ပုံရသော ပန်သစ္စာကို ခေါင်းညိတ်ကာ ခွင့်ပြုလိုက်မိလေသည် ။

အိမ်တော်ထိန်းက

‘ညှော့သည် ကို အားနာစရာ’ဟု ပြောသောအခါမှ

ပန်သစ္စာက မျက်လုံးကလေး ဝိုင်းကာ သူ့အား လှမ်းကြည့်လိုက်သည် ။

‘ဟုတ်သားပဲ ကိုင်း.. ဒါဖြင့် ဒေါ်ဒေါ်သန်း တိုးပွားကို မရိုက်နဲ့ ရွှေမိရေ’

‘ရှန် မမထွေး’

ကုံလုံကြွယ်ဝသော မိသားစု၏ အရှင်သခင်မလေးဖြစ်သော ပန်သစ္စာ ရှေ့မှောက်သို့ ဆယ်ကျော်သက်အရွယ် အဖော်မိန်းကလေးရောက်လာပြီး ကျိုးနွံစွာဖြင့် ရပ်လိုက်သည် ။

‘တိုးပွားကို ပြန်ခေါ်ပြီး ငါးကြော်နဲ့ ထမင်းနဲ့ နယ်ကျွေးလိုက်နော်’

‘ဟုတ်ကဲ့ မမထွေး’

‘ည နင်မအိပ်ခင် တစ်ခါကျွေးနော်၊ နို့နဲ့ ထမင်းနဲ့ ကျွေးလိုက်’

‘ဟုတ်ကဲ့’

‘ကဲ သွားတော့ တိုးပွားကို အခုခေါ်နော်’

‘ဟုတ်ကဲ့ရှင်’

ဒေါ်ဒေါ်သန်းက

‘အင်း ကြောင်တွေ ခွေးတွေကို အဲဒီလောက် အလိုလိုက်လို့ ဖြစ်မလား ထွေးနဲ့ တော့ ဒုက္ခပါပဲ’

ဟု ညည်းတွားပြီး ဧည့်ခန်းမှ ပြန်ထွက်သွားလေသည်။

‘ကိုကို့ကို အားနာလိုက်တာ ကန်တော့နော် ကိုကို အိမ်မွေးတိရစ္ဆာန်ဆိုတာ လူက ပေးကျွေးမှ စားရရှာမှာ။ ကလေးတွေလိုပဲပေါ့နော် ကိုကို သူ့စကားလူမသိတော့ သနားစရာပေါ့နော် ကိုကို’

နော် ကိုကိုချင်းထပ်ကာ ပြောနေရှာသော ပန်သစ္စာအပေါ် သူကျေနပ်ကာ ခွင့်လွှတ်မိလျက်သား ဖြစ်သွားလေသည်။

သူ့အား ဆိုးနွဲ့အနိုင်ကျင့်မည့်သူ သူ့လောက၌ ရှိမနေခဲ့ခြင်းအတွက် ထွန်းတောက်သည် အထူးအဆန်းဖြစ်ကာ ကျေနပ်သဘောကျမိခြင်း ဖြစ်လေသည် ထင်ပါသည်။ ခေါင်းတညိတ်ညိတ်လုပ်ရင်း

‘ပန်သစ္စာ ပြောမှ ပဲ... ကိုကိုလည်း အိမ်က ကျော်ကီကို ဥပေက္ခာပြုထားမိတာ သတိထားမိတော့တယ် မင်းပြောတာ မှန်ပါတယ်’

ထိုစဉ် စိန်ရွှေငွေအကြောင်း သားသမီးအကြောင်း ဆွေးနွေးပြီး ပြန်ဆင်းလာကြသော အမေနှစ်ယောက်ကြောင့် သူတို့ စကားစပြတ်သွားကြလေသည်။

‘သမီးနဲ့ သား ပျင်းနေကြပြီလား’

သူ့မိခင် ဒေါ်ထိပ်တင်လတ်က လှမ်းကာ စကားဦးသန်းလိုက်သည်။

‘မပျင်းပါဘူး အန်တီ’

'သမီးကတော့ ဟုတ်တာပေါ့ သမီးဆီက အသံမထွက်တော့ သား ပျ င်းနေလောက်ရောပေါ့'

ထွန်းတောက် ပြုံးလိုက်သည် ။

သူ့အတွက် အထူးအဆန်းတစ်ခုနှင့် ကြုံတွေ့ရသည့်အတွက် သူမပျ င်းကြောင်းကိုတော့ သူ့ကိုယ်သူသာလျှင် အသိဆုံးဖြစ်သည် ။

မိခင်နှင့် ယောက္ခမလောင်းကိုတော့

'မပျင်းပါဘူး ပန်သစ္စာက စိတ်ဝင်စားစရာ ကောင်းပါတယ်'

သူ၏ စကားကြောင့် အမေနှစ်ယောက် မျက်နှာပေါ်၌ အပြုံးရိပ်တို့ ယှက်သန်းသွားလေသည် ။

ပန်သစ္စာကတော့ သူ့အား အံ့အားသင့်သွားသော မျက်ဝန်းရွဲကြီးဖြင့် လှမ်းကြည့် လိုက်လေသည် ။ သူက နှစ်ခြိုက်သော အပြုံးတစ်ချက် ပစ် လွှတ်လိုက်သောအခါ ဖျတ်ခနဲ မျက်လွှာချကာ ခေါင်းကလေး ငုံ့ချ လိုက် လေသည် ။

ပီတိကလေးငယ်တစ်ဦးလိုပါပဲလား။

******